
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၇)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ)

### တိုက်ပွဲဖြစ်ပွားမှု၊ အရပ်သားသေဆုံးမှုနှင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုများ




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများ၊ တိုက်ပွဲများကြောင့် အရပ်သား သေဆုံးရမှုများနှင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျဆင်းသွားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်း ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ ပြန်လည်မြင့်တက်လာခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ၃၀ ဦး သေဆုံးခဲ့သဖြင့် အများဆုံးဖြစ်ခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အရပ်သားသေဆုံးသူ ၅၄ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၁ ကိုရှု)** ရှိခဲ့ပြီး ယခု ၆၂ ဦးကျော် ဖြစ်လာခြင်းကြောင့် တလအတွင်း ရှစ်ဦး တိုးလာခဲ့သည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၇)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားသောတိုက်ပွဲများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၉၉ ကြိမ်ထက်မနည်း ရှိခဲ့ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အတွင်း တိုက်ပွဲဖြစ်ပွားမှု ၇၅ ကြိမ်ထက်မနည်း (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၁ ကိုရှု**) ရှိခဲ့ရာမှ ယခုတလအတွင်း ၉၉ ကြိမ်ထက်မနည်းအထိ ရှိလာခဲ့သဖြင့် တလအတွင်း တိုက်ပွဲ ၂၄ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။ KNU တပ်မဟာ(၅) ပြောခွင့်ရ ဒုတိယဗိုလ်ချုပ်ကြီး စောကလယ်ဒို့မှ KIC သတင်းဌာနသို့ ဖြေကြားချက်အရ ၂၀၂၁ ခုနှစ် မတ် ၂၇ ရက်မှ မေလဆန်းပိုင်းအထိ စစ်ကောင်စီနှင့် KNU တို့အကြား နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ၄၀၇ ကြိမ် ဖြစ်ပွားခဲ့ပြီး၊ လေကြောင်းတိုက်ခိုက်မှု ၂၇ ကြိမ်၊ လက်နက်ကြီး ၄၇ လုံး ပစ်ချခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဧပြီနှင့် မေလဆန်းကာလအတွင်း ချင်းပြည်နယ် မင်းတပ်နှင့် ဟားခါးမြို့များရှိ ချင်းဒေသ ကာကွယ်ရေးတပ်ဖွဲ့များနှင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်နှင့်လည်းကောင်း အာဏာသိမ်းစစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ရှိခဲ့သည်။ သို့သော် အကြိမ်ရေ မည်မျှဖြစ်ပွားခဲ့သည်ကို မသိရှိရသေးပေ။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၇)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ)

### စစ်ပြေးဒုက္ခသည်အရေအတွက်




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူ စစ်ဘေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ စုစုပေါင်း ၄၄၄,၆၅၄ ကျော်ရှိလာသည်။ အဆိုပါ ပမာဏအနက် ၇၇,၁၅၄ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက် ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ စစ်ဘေးရှောင်ဒုက္ခသည်အရေအတွက် ၃၄,၆၀၁ ကျော် (**အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၂၁ကိုရှု**) ရှိခဲ့ရာမှ ယခု ၇၇,၁၅၄ ကျော်အထိ ရှိလာသဖြင့် တလအတွင်း စစ်ဘေးရှောင်ဒုက္ခသည် ၄၂,၅၃၃ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA Myanmar) ၏ စာရင်းများအရ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် လတ်တလော တိုက်ပွဲများကြောင့် လူပေါင်း ၄၀,၀၀၀ အထိ လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလကတည်းက လူပေါင်း ၁၂,၂၀၀ ခန့် အသီးသီး နေရပ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်နေရကြောင်း သိရှိရသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၇)

တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက် ကရင်ပြည်နယ်အတွင်းတွင် စစ်ပြေးဒုက္ခသည်အရေအတွက် ပိုမိုများပြားလာခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၇ ရက်အထိ ကရင်ပြည်နယ်အတွင်း စစ်ရှောင်ဒုက္ခသည် ၄၀,၀၀၀ ကျော်ရှိလာခဲ့သည်။ ထို့အတူ ကချင်ပြည်နယ်အတွင်း စစ်ဘေးရှောင်အရေအတွက်မှာ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အတွင်း စုစုပေါင်း ၅၀၁ ဦးကျော်ခန့် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၁ ကိုရှု)** ရှိရာမှ ယခု ၆,၀၃၀ ကျော် ရှိလာသည့်အတွက် တလအတွင်း ၅,၅၂၉ ဦး တိုးလာခဲ့ခြင်းဖြစ်သည်။ ကချင်ပြည်နယ် မိုးမောက်နှင့် ဖားကန့်မြို့နယ်အတွင်းရှိ ဒေသများတွင် အာဏာသိမ်းစစ်ကောင်စီနှင့် KIA တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည်။ ထို့အပြင် ချင်းပြည်နယ် မင်းတပ်မြို့နှင့် စစ်ကိုင်းတိုင်း ကနီမြို့များတွင် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် အာဏာသိမ်း စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ခဲ့ပြီး၊ စစ်ကောင်စီတပ်များ၏ အင်အားသုံး တိုက်ခိုက်မှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၇)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ)

### ■ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်များ တိုးပွားလာသည့်အကြောင်းရင်း

**ကချင်ပြည်နယ်**

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်အတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် KIA တို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံပြည်သူအရေအတွက်မှာ ၄,၀၀၀ ကျော်ခန့် ရှိလာပြီဖြစ်ပါသည်။ ထို့အပြင် ဖားကန့်မြို့နယ်အတွင်း ဧပြီ ၁၉ ရက်က အဆိုပါ နှစ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံ ၁,၀၀၀ ကျော်ခန့်မှာလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်း**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့၌ မေ ၄ ရက်မှစတင်ကာ စစ်ကောင်စီနှင့် MNDAA၊ TNLA ပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ ၂၀၀ ကျော် စစ်ဘေးတိမ်းရှောင်ခဲ့ရသည်။ ထို့အတူ နောင်ချိုမြို့နယ်၌ RCSS နှင့် SSPP တို့အကြား မေ ၄ ရက်မှ တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ ၃၀၀ ကျော် ထွက်ပြေးခဲ့ရသည်။

**ကရင်ပြည်နယ်**

မတ်လနှင့် ဧပြီလများအတွင်း KNU တပ်မဟာ(၅)နယ်မြေအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အဆိုပါနယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင်အရေအတွက်မှာ ၄၀,၀၀၀ ကျော်ခန့် ရှိလာပြီဖြစ်သည်။

**ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း**

ဧပြီ ၂၄ ရက်မှ မေလဆန်းအထိ ချင်းပြည်နယ် မင်းတပ်မြို့အတွင်း ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့နှင့် အာဏာသိမ်း စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။ စစ်ကောင်စီတပ်များ၏ အင်အားသုံး တိုက်ခိုက်ခဲ့မှုကြောင့် မင်းတပ်မြို့နေ ဒေသခံ သုံးပုံနှစ်ပုံ (၇,၀၀၀ ကျော်)မှာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရသည်။ အလားတူ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်တွင်လည်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ခဲ့ပြီး စစ်ကောင်စီ၏ အင်အားသုံး တိုက်ခိုက်မှုကြောင့် ဒေသခံ ၂၀,၀၀၀ ကျော်ခန့် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၇)


### တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှု ၆၂ ဦးကျော်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၈၀ ဦးကျော် ရှိခဲ့ပါသည်။ လအလိုက် ကြည့်မည်ဆိုပါက ဖေဖော်ဝါရီတွင် ၁၁ ဦး၊ မတ်တွင် ၁၆ ဦး၊ ဧပြီတွင် ၃၀ ဦးနှင့် မေလအတွင်း သေဆုံးရသူ ၅ ဦး ရှိခဲ့သည်။ မတ် ၂၇ ရက်မှ မေ ၁၇ ရက်အတွင်း စစ်ကောင်စီတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အရပ်သားအရေအတွက်မှာ ၂၅ ဦးကျော် ရှိခဲ့ပြီး ဒဏ်ရာရသူ ၂၈ ဦး ကျော်ရှိခဲ့ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အတွင်း ရှိခဲ့သော ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်–၂၁ကိုရှု)** တလအတွင်း အရပ်သားပြည်သူသေဆုံးမှု ရှစ်ဦးထက်မနည်း၊ ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦးထက်မနည်း အသီးသီးရှိခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် မေအထိ ကိန်းဂဏန်းများကို ကြည့်ပါက တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများကြောင့် အရပ်သား သေဆုံးရမှုမှာ ၂၅၁ ဦးကျော်ရှိလာပြီး၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် ၆၁၈ ဦးကျော် ရှိလာသည်။ အခြားတဖက်တွင်လည်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံး ဖြိုခွင်းမှုများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ မေ ၁၇ ရက် အတွင်း သေဆုံးရသူ ၈၀၂ ဦးကျော် ရှိလာခဲ့ပါသည်။




ရည်ညွှန်း – ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။